# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 13 , 2023 Volume 71, Number 10


၁၃.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၃.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၃.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၇.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပသို့ဆန်တင်ပို့မှုသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက တန်ချိန်ငါးသိန်းခန့် လျော့ကျနေကြောင်းနှင့် ပြည်တွင်းဆန်ဈေး မြင့်တက်မှုကြောင့် ဆန်တင်ပို့မှုလျော့နည်းခြင်းဖြစ်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌပြောကြား

လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ဆန်တင်ပို့မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန်ငါးသိန်းခန့် လျော့ကျနေကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က အောက်တိုဘာ ၁၂ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

“ဆန်တင်ပို့မှုက ငါးသိန်းလောက်လျော့နေတယ်”ဟု ဦးရဲမင်းအောင်က ပြောကြား ခဲ့သည်။ ယင်းသို့ ပြည်ပဆန်တင်ပို့မှုလျော့နည်းခြင်းသည် ပြည်တွင်းဆန်ဈေး မြင့်တက်မှုကြောင့်ဖြစ်ကြောင်း ၎င်းကဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှဆန်ကို တရုတ်နှင့်အီးယူဈေးကွက်မှ အများဆုံးဝယ်ယူ နေကြောင်းလည်းသိရသည်။ “ဒီနှစ်မှာ ဆန်တန်ချိန်နှစ်သန်းတင်ပို့နိုင်မယ်လို့ ခန့်မှန်း ထားပါတယ်”ဟု ဦးရဲမင်းအောင်က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပသို့ ဆန်တန်ချိန် ၄၈၂၆၀ ကျော်တင်ပို့ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၀၁၉၀ ကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှသိရသည်။

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၂၇ ဒသမ ၀၅၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၈၂၆၀ ကျော် တင်ပို့ကြောင်းသိရသည်။

ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၃၃၄၉၀ ကျော်၊ အီးယူ အဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၀၁၉၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၅၅၇၀ ကျော် တင်ပို့ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အာရှနိုင်ငံများတွင် ဆန်တင်ပို့သောနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၇၇၀ ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၃၉၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၈၅၆၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန်၄၀၆ တန်ကျော်၊ ဟောင်ကောင်သို့ ဆန် ၂၃၀ ကျော်နှင့် ထိုင်ဝမ်သို့ဆန်တန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့သည်။

**Source:** https://news-eleven.com/article/255054

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မကွေးကုန်စည်ဒိုင်၏ နှမ်းဈေးနှုန်းဈေးကွက် အခြေအနေ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးကုန်စည်ဒိုင်သို့ နှမ်းနှင့်ပဲမျိုးစုံသီးနှံများကို မကွေးမြို့နယ်အတွင်းရှိကျေးရွာများနှင့် ရေနံချောင်း၊ နတ်မောက်မြို့များအပြင် မင်းဘူး မြို့နယ်ရှိ ကျေးရွာများမှလည်း လာရောက်ရောင်းချကြသည်။

အရောင်းအဝယ်ဖြစ်သည့် နှမ်းဈေးနှုန်းများအနေဖြင့် နှမ်းဖြူတစ်ပိဿာလျှင် စက်တင်ဘာ လ(နောက်ဆုံးပတ်) တွင် ကျပ် (၈၃၃၀)၊ အောက်တိုဘာလ (ပထမပတ်)တွင် ကျပ် (၇၉၃၀) ဖြစ်ပြီး တစ်ရက်လျှင်(၄၅)ပိဿာဝင်အိတ်ဖြင့် အိတ်ရေ (၈၀၀) ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

နှမ်းနီတစ်ပိဿာလျှင် စက်တင်ဘာလ(နောက်ဆုံးပတ်)တွင် ကျပ်(၇၃၃၀)၊ အောက်တိုဘာလ (ပထမပတ်)တွင် ကျပ် (၇၂၀၀) ဖြစ်ပြီး တစ်ရက်လျှင် (၄၅) ပိဿာဝင် အိတ်ဖြင့် အိတ်ရေ (၂၀၀) ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာလ(ပထမပတ်)တွင် နှမ်းနက် (စမုံ) တစ်ပိဿာလျှင် ကျပ် (၇၆၇၀)၊ နှမ်းနက် (ရိုးရိုး) တစ်ပိဿာလျှင် ကျပ် (၇၁၃၀)၊ နှမ်းညိုကြား (၁) ပိဿာလျှင် ကျပ် (၆၆၇၀) ဖြစ်ရာ စက်တင်ဘာလ(နောက်ဆုံးပတ်)အတိုင်း ဈေးနှုန်းများ တည်ငြိမ်နေပြီး တစ်ရက်လျှင် (၄၅) ပိဿာဝင်အိတ်ဖြင့် နှမ်းနက် (စမုံ) အိတ်ရေ (၄၀၀) ခန့်၊ နှမ်းနက် (ရိုးရိုး) အိတ်ရေ (၁၆၀) အိတ်ခန့်၊ နှမ်းညိုကြား အိတ်ရေ (၁၀၀) ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးသို့ နှမ်း (၆၀၀၀) အိတ်နှင့် ရန်ကုန်သို့ နှမ်း (၄၉၀) အိတ်၊ စုစုပေါင်းအိတ်ရေ (၆၄၉၀) အိတ်တင်ပို့ခဲ့ကြောင်း သိရသည်။

**DOCA (မကွေး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%99%E1%80%80%E1%80%BD%E1%80%B1%E1%80%B8%E1%80%80%E1%80%AF%E1%

## ယခုနှစ်မိုးကောင်း၍ ထောပတ်သီးအထွက်ကောင်းသလို ဈေးလည်းကောင်းနေသည့် မြန်မာ့ထောပတ်သီးကို ထိုင်းနှင့်အိန္ဒိယသို့တင်ပို့မည်



မြန်မာ့ထောပတ်သီးများကိုဝယ်ယူရန် ထိုင်းနိုင်ငံမှကမ်းလှမ်းထားသည့်အတွက် အဓိကထား တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးတင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ယခုနှစ် ထောပတ်သီးရာသီတွင် မြန်မာ့ထောပတ်သီးများအား ထိုင်းနိုင်ငံသို့ အဓိကထားတင်ပို့သွားမည်ဖြစ်ပြီး တင်ပို့ကုန်သွယ်ရောင်းချခွင့်ရရှိရေးအတွက် အစိုးရချင်း ညှိနှိုင်းလုပ်ဆောင်နေကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်တွင် မိုးအရမ်းများခဲ့သည့်အတွက် ထောပတ်သီးအထွက်နှုန်းများနိုင်ပြီး ပြီးခဲ့သည့်နှစ်ထက် ဈေးကွက်ကောင်းနိုင်ကြောင်းလည်း ထောပတ်သီးတင်ပို့ရောင်းချသူများက သုံးသပ်ကြသည်။ လက်ရှိထောပတ်သီးဈေးများအနေဖြင့် ဈေးကွက်အစ တစ်ကီလိုလျှင် ကြမ်းခင်းဈေး ၃၅၀၀ ကျပ်ရှိပြီး ပြီးခဲ့သည့် နှစ်တွင် တစ်ကီလို ၂၅၀၀ သာ ရှိခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံမှလည်း ယခုရာသီတွင် ထောပတ်သီးတန်ချိန် (၁၀၀၀) ဝယ်ယူရန် ကမ်းလှမ်းထားပြီး မြန်မာကုန်ထွက်ထောပတ်သီးရာသီချိန်ဖြစ်သော နိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်း အိန္ဒိယနိုင်ငံ သစ်သီးကုန်သည် အဖွဲ့အစည်းမှဝယ်ယူရန် ကမ်းလှမ်းထားသော တန်ချိန်(၁၀၀၀) ကိုလည်း တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

၂၀၂၀ ပြည့်နှစ် စာရင်းတွေအရ ပြည်တွင်း၌ ထောပတ်သီး စိုက်ဧက ၂၀၀၀၀ ဝန်းကျင်ရှိပြီး ရှမ်းပြည်နယ်အပါအဝင် တခြားသောဒေသများတွင်လည်း စိုက်ပျိုးထုတ်လုပ်သူများလာကာ တစ်ဧကကို Export Quality ထောပတ်သီးတန်ချိန် ၅၀၀၀ ကနေ ၁၀၀၀၀ ကြားထွက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=133300

## ပင်လယ်ရေကြောင်းမှတစ်ဆင့် နိုင်ငံခြားတင်ပို့မှုရှိလာခြင်းကြောင့် ပဲနှမ်းဈေးကွက် ပြန်လည်ဦးမော့လာ



ပင်လယ်ရေကြောင်းမှတစ်ဆင့် နိုင်ငံခြားတင်ပို့မှုရှိလာခြင်းကြောင့် ပြည်တွင်း ပဲနှမ်းဈေးကွက် ပြန်လည်ဦးမော့လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

အောက်တိုဘာ ၁၀ ရက်မှစတင်ကာ နိုင်ငံခြားသင်္ဘောတင်များ ရှိလာသောကြောင့် ပဲ၊ နှမ်းဈေးကွက်မှာ ပို့ကုန်မတ်ပဲအပါအဝင် အသစ်ဝင်နှမ်းနက်များ အရောင်းအဝယ် ခပ်သွက်သွက်ရှိလာပြီး ပြည်တွင်းသုံးကုလားပဲအုပ်စုနှင့်မြေပဲဆန်မှာ အရောင်းအဝယ်ကောင်းနေခြင်းဖြစ်သည်။

ယခင်သီတင်းပတ်က ဈေးကျဆင်းနေသည့် ပဲ၊ နှမ်းဈေးကွက်မှာ ပို့ကုန်သမားများ အဝယ်ရှိလာသောကြောင့် အရောင်းအဝယ်ကောင်းလာကြောင်း၊ ပို့ကုန်မတ်ပဲနှင့် နှမ်းမျိုးစုံမှာ အနည်းငယ်ဈေးမြင့်တက်လာပြီး ပြည်တွင်းသုံး ကုလားပဲအုပ်စုလည်း လိုက်ပါ ဈေးမြင့်တက်လာကြောင်း၊ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှာ ကုန်ကျစရိတ်များပြားလာတာကြောင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် ကုန်သည်များ ပြောင်းလဲတင်ပို့လာခြင်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းဆီစားသုံးမှုပုံစံမှာ ပဲဆီကို ပြောင်းလဲစားသုံးလာတာကြောင့် မြေပဲဆီ၊ မြေပဲဆန်ဈေးကွက်မှာ အရောင်းအဝယ် ကောင်းလာကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်က ပြောသည်။

"အသစ်ဝင်နှမ်းတွေ ပင်လယ်ရေကြောင်းကတစ်ဆင့် နိုင်ငံခြားတင်ပို့မှုရှိလာလို့ နှမ်းဈေးတွေကောင်းလာသလို အရောင်းအဝယ်လည်း သွက်လာပါတယ်။ နှမ်းနက်တစ်အိတ်ကို ပစ္စည်းကောင်းအသန့်ဆိုရင် ငွေကျပ် ၃၈၀၀၀၀ အထိ ပေါက်ဈေးရှိပါတယ်။ အညာဒေသက နှမ်းသစ်တွေ စတင်ဝင်ရောက်နေတာပါ။ အက်ဆစ်လွတ်တဲ့ နှမ်းအရည်အသွေးကောင်းရင် ဈေးကောင်းသလို အက်ဆစ်မလွတ်ရင် ဈေးလျော့ပါတယ်။ ပို့ကုန်မတ်ပဲကတော့ ဈေးကောင်းလာကာ တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ အထိ ပေါက်ဈေးရလာတယ်။ ပဲစင်းငုံကတော့ ပစ္စည်းလက်ကျန်နည်းလို့ ဈေးကောင်းရပေမယ့် အရောင်းအဝယ်နည်းပါတယ်။ လက်ရှိမှာ ပြောင်းတစ်မျိုးသာ ဈေးအေးနေပြီး ကျန်ပဲမျိုးစုံကတော့ ဈေးပြန်ကောင်းလာတယ်။ ပြည်တွင်းသုံးကုလားပဲအုပ်စုလည်း အနည်းငယ်ဈေးမြင့်တက်လာပါတယ်။ တရုတ်ကိုတင်ပို့သည့် ပဲတီစိမ်းကလည်း ဈေးအေးနေပေမယ့် မြေပဲဆန်ဈေးကတော့ အရောင်းအဝယ် ခပ်သွက်သွက်ရှိနေပါတယ်။ ပြည်တွင်းဆီစားသုံးမှုပုံစံ ပြောင်းလဲလာလို့ ပြည်တွင်းဆီစက်ပိုင်များ ခပ်သွက်သွက် လည်ပတ်အရောင်းအဝယ်ဖြစ်နေပါတယ်ဟု ၎င်းကပြောသည်။

အောက်တိုဘာ ၁၂ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးမြင့်တက်လာပြီး အောက်တိုဘာ ၁၂ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၉၀၀၀၊ V7တစ်အိတ်လျှင် ငွေကျပ်၂၇၅၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၇၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၄၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ ကနေဒါ စားတော်ပဲ တစ်အိတ် ငွေကျပ် ၂၂၀၀၀၀၊ မြေပဲအနီလုံးဆန်(ဝိုင်း)တစ်ပိဿာလျှင် ငွေကျပ် ၇၁၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ယခင်သီတင်းပတ်ထက် သိသိသာသာဈေးကျဆင်းသွားရာ နှမ်းဖြူ (ဂျပန်) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ နှမ်းညို (သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ နှမ်းနက်စမုံ တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အင်ဒိုနီးရှား စားအုန်းဆီကြမ်း futures exchange မူဝါဒ ပြောင်းလဲဖြေလျှော့



အင်ဒိုနီးရှားသည် ၎င်း၏စားအုန်းဆီကြမ်း crude palm oil (CPO) ကြိုပွိုင့်ရောင်းဝယ်ရန် futures exchange ကို အောက်တိုဘာလ ၁၃ ရက်တွင် စတင်ရာ၌ ၎င်းအိတ်ချိန်းမှ တဆင့်သာ မဖြစ်မနေကုန်သွယ်မှုပြုရမည်ဟု ယခင်က ပြောကြားခဲ့သော်လည်း ယခုအခါ မူဝါဒပြောင်းလဲလိုက်ပြီး ဖြေလျှော့ပေးသဖြင့် စားအုန်းဆီကြမ်းကို ပြည်ပဝယ်လက်များနှင့် ယခင်အတိုင်းရောင်းဝယ်နိုင်သည်။

ကမ္ဘာ့ စားအုန်းဆီဈေးကို တွန်းအားပေးရန်နှင့် ကွာလာလမ်ပူနှင့်ရော့တာဒမ်မြို့တို့ကဲ့သို့ စံနှုန်းများကိုဖန်တီးရန်အတွက် ယခင်က စားအုန်းဆီကြမ်းတင်ပို့မှုအားလုံးကို ကြိုပွိုင့်အိတ်ချိန်းမှသာ မဖြစ်မနေပြုလုပ်ရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

**Source: brecorder**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/7056-futures-exchange.html

## ဗီယက်နမ်ဆန် အများဆုံးဝယ်ယူသည့် အရှေ့တောင်အာရှနိုင်ငံများ တိုးမြှင့်ဝယ်ယူ

အင်ဒိုနီးရှားအမျိုးသားကုန်စည်ပို့ဆောင်ရေးအေဂျင်စီ National Logistics Agency က တင်သွင်းတဲ့ ဆန်တန်ချိန် ၅၀၀,၀၀၀ ကို တင်ဒါခေါ်မယ်လို့ ကြေညာလိုက်ပါတယ်။

ဗီယက်နမ်မှ ဆန်တန်ချိန် ၃ သိန်း၊ ထိုင်း၊ မြန်မာနှင့်ပါကစ္စတန်နိုင်ငံတို့မှ စုစုပေါင်းဆန်တန်ချိန် ၂ သိန်း ဝယ်ယူမှာဖြစ်ပါတယ်။ တင်ဒါအောင်တဲ့သူတွေက ဒီဇင်ဘာလ ၂၅ ရက် ခရစ်စမတ်မတိုင်ခင် ဆန်များကို အင်ဒိုနီးရှားသို့ ပေးပို့ရမှာဖြစ်ပါတယ်။ ဗီယက်နမ်ဆန်ကို အင်ဒိုနီးရှားက ဆက်တိုက်ဝယ်ယူနေတာကြောင့် တရုတ်နိုင်ငံကိုကျော်တက်ကာ ဗီယက်နမ်ဆန် ဒုတိယအများဆုံး ဝယ်ယူသူဖြစ်လာပါတယ်။ အင်ဒိုနီးရှားက ယခုနှစ် ပထမကိုးလအတွင်း ဗီယက်နမ်ဆန်တန်ချိန် ၈၇၁,၀၀၀ တင်သွင်းခဲ့ပါတယ်။

ဗီယက်နမ်ဆန် အများဆုံးတင်သွင်းတဲ့ ဖိလစ်ပိုင်ကလည်း ဝယ်ယူမှုများ ပြန်လည်တိုးမြှင့်ခဲ့ပါတယ်။ ဖိလစ်ပိုင်အစိုးရက ပြည်တွင်းဆန်ဈေးနှုန်းများကို အများဆုံးဈေးနှုန်း တစ်လဝန်းကျင် ပြဋ္ဌာန်းထားချိန်မှာ ၎င်းဈေးနှုန်းများက ပြည်ပမှ ဆန်တင်သွင်းသူများအတွက် တွက်ခြေမကိုက်တာကြောင့် ဗီယက်နမ်ဆန်အပါအဝင် ပြည်ပမှဆန်ဝယ်ယူမှုအတွက် စာချုပ်အသစ်ချုပ်ဆိုမှုများ ရပ်ဆိုင်းသွားပါတယ်။

အောက်တိုဘာလ ၄ ရက်တွင် ဖိလစ်ပိုင်အစိုးရက ဆန်ကြမ်းနှင့်ဆန်ချော ၂ မျိုးစလုံးအပေါ် ပြဋ္ဌာန်းထားတဲ့ အများဆုံးဈေးနှုန်းသတ်မှတ်ချက်များကို ရုတ်သိမ်းခဲ့ပါတယ်။ ယခုနှစ် ပထမကိုးလအတွင်း ဖိလစ်ပိုင်သို့ဗီယက်နမ်ဆန် ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံနီးပါးတန်ဖိုးရှိ ဆန်တန်ချိန် ၂ ဒသမ ၄ သန်း တင်ပို့ခဲ့ပါတယ်။

ဗီယက်နမ်ဆန် တတိယအများဆုံးဝယ်ယူသည့် တရုတ်နိုင်ငံကလည်း ဝယ်ယူမှုများ တိုးမြှင့်လျက်ရှိပါတယ်။ တရုတ်နိုင်ငံက ယခုနှစ် ပထမ ၉ လအတွင်း ဗီယက်နမ်ဆန်တန်ချိန် ၈၅၀,၀၀၀ တင်သွင်းခဲ့ပါတယ်။ ဗီယက်နမ်ဆန်ကို ဂါနာ၊ တူရကီနှင့် ချီလီတို့ထံ တင်ပို့မှုများလည်း ပိုများခဲ့ပါတယ်။

အောက်တိုဘာလ ၉ ရက်မှာ ဗီယက်နမ် ပို့ကုန်ဆန် ဈေးနှုန်းများမှာ ၅% ဆန်ကွဲပါ ဆန်တစ်တန် $600-613၊ ဆန်မွှေး တစ်တန် $640-650 ဖြစ်ပါတယ်။ ထိုင်းဆန်ထက် $30 ဈေးပိုမြင့်ပြီး ပါကစ္စတန်ဆန်ထက် $65 ဈေးပိုများပါတယ်။ ဗီယက်နမ်ဆန် ပထမကိုးလအတွင်း ဆန်တန်ချိန် ၆ ဒသမ ၃၅ သန်းတင်ပို့ခဲ့ပြီး စုစုပေါင်းကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဖိုး ရှိပါတယ်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7057-asia-rcie.html

## အိန္ဒိယတွင် ပဲစင်းငုံနှင့်ကုလားပဲသွင်းကုန်များ ဝင်ရောက်လာမှုနှင့် အစိုးရ၏စီမံဆောင်ရွက်ချက်များကြောင့် ဝယ်လိုအားကျဆင်းသွားပြီး ဈေးနှုန်း ၄ ရာခိုင်နှုန်းကျဆင်း

အာဖရိကမှ ပဲစင်းငုံနှင့်ကနေဒါမှ ပဲတီစိမ်းတင်သွင်းမှုတိုးမြင့်လာပြီး အိန္ဒိယအစိုးရ၏ပဲသိုလှောင်မှုအပေါ် တင်းကျပ်သော အရေးယူဆောင်ရွက်မှုနှင့် ကုလားပဲများဈေးကွက်အတွင်း ရောင်းချပေးမှုများနှင့်အတူ စားသုံးသူဝယ်လိုအား ကျဆင်းလာခြင်းကြောင့် တစ်လအတွင်း ပဲမျိုးစုံဈေးနှုန်း ၄ ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ဗဟိုအစိုးရမှ ပဲကုန်သည်များနှင့် ပဲခွဲခြမ်းထုတ်လုပ်သူများ၏ကုန်သိုလှောင်မှုကို ကန့်သတ်ချက်များချမှတ်ထားသော ကြောင့် ပဲဈေးကွက်အတွင်း ဈေးအကြီးဆုံးဖြစ်သည့် ပဲစင်းငုံလက်ကားဈေးနှုန်းသည် ပြီးခဲ့သည့်တစ်လအတွင်း ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု အိန္ဒိယပဲမျိုးစုံနှင့်ကောက်ပဲသီးနှံအသင်း (Indian Pulses and Grains Association – IPGA) မှ ၎င်းတို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိဈေးကွက်တွင် အချိုသာဆုံးဖြစ်သည့်ကုလားပဲဈေးသည် တစ်လအတွင်း ၄ ရာခိုင်နှုန်းကျဆင်းသွားသော်လည်း ပဲတီစိမ်းဈေးနှုန်းမှာ တင်သွင်းမှုမြင့်တက်လာခြင်းနှင့် ဝယ်လိုအားကျဆင်းခြင်းကြောင့် ၂ ရာခိုင်နှုန်းကျော်သာ ကျဆင်းသွားကြောင်း သိရသည်။

IPGA ၏အဆိုအရ ပဲစင်းငုံဈေးသည် ဝယ်လိုအားလျော့နည်းခြင်းနှင့် အာဖရိကမှ တင်ပို့မှုများ မြင့်တက်လာမည်ဟု မျှော်မှန်းထားသောကြောင့် ယခုသီတင်းပတ်တွင် ပဲစင်းငုံဈေးသည် ဆက်လက်ကျဆင်းမည်ဟုယူဆကြောင်း၊ ကုလားပဲဈေးနှုန်းမှာလည်း အစိုးရအေဂျင်စီတစ်ခုဖြစ်သည့် အမျိုးသားစိုက်ပျိုးရေးသမဝါယမဈေးကွက်ရှာဖွေရေးအဖွဲ့ချုပ်(National Agricultural Cooperative Marketing Federation(Nafed)မှ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနေခြင်းကြောင့် ထပ်မံကျဆင်းဖွယ်ရှိကြောင်း သို့ရာတွင် ဒေဝါလီပွဲတော်ကာလတွင် ဝယ်လိုအားမြင့်တက်လာပါက ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်လာနိုင်သည်ဟု IPGA အမှုဆောင်အရာရှိများက ယူဆကြကြောင်းသိရသည်။

ဟင်းသီးဟင်းရွက်ဈေးနှုန်းများအနေဖြင့် ဇူလိုင်လအတွင်း လက်လီဈေးကွက်တွင် တစ်ကီလိုလျှင် ရူပီး ၁၅၀ ကျော်လွန်ခဲ့သော ခရမ်းချဉ်သီးသည် ယခုအခါ တစ်ကီလိုလျှင် ၁၀–၂၀ ရူပီးနှင့် ရောင်းချလျက်ရှိကြောင်း၊ ခရမ်းချဉ်သီးများသည် လက်ကားဈေးကွက်များတွင် တစ်ကီလိုလျှင် ၃ ရူပီးမှ ၆ ရူပီးအကြား အရောင်းအဝယ်ဖြစ်နေပြီး လာမည့် ၂ ပတ် ၃ ပတ်အတွင်း ယခုဈေးနှုန်းများအတိုင်း ဆက်လက်ဖြစ်နိုင်သည်ဟု ဈေးကွက်မှတာဝန်ရှိသူ တစ်ဦးက ပြောကြားထားသည်။ ဇူလိုင်လအတွင်း ခရမ်းချဉ်သီးဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့မှုကြောင့် တောင်သူများက ခရမ်းချဉ်သီးကို ပိုမိုစိုက်ပျိုးခဲ့ကြသဖြင့် အထွက်နှုန်း တိုးသောကြောင့် ဈေးနှုန်းများကျဆင်းခြင်းဖြစ်ကြောင်း၊ သို့ရာတွင် Bengaluru ကဲ့သို့သော အခြားသော ခရမ်းချဉ်သီးအဓိက စိုက်ပျိုးသည့်ဒေသများမှ ဝင်ရောက်မှုကျဆင်းလာချိန်တွင် ခရမ်းချဉ်သီးဈေးနှုန်းများ အနည်းငယ်မြင့်တက်လာနိုင်ကြောင်း ကုန်သည်များက ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် မကြာမီကာလအတွင်း ရွေးကောက်ပွဲများကျင်းပဆောင်ရွက်ရန်ရှိရာ ယင်းကာလမတိုင်မီ ကုန်ဈေးနှုန်း ကြီးမြင့်မှုကြောင့် အခြေခံပြည်သူလူထုအပေါ် သက်ရောက်မှုများရှိလာမည်ကို အစိုးရကစိုးရိမ်သဖြင့် ကုန်ဈေးနှုန်း ထိန်းချုပ်နိုင်ရေးအတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဂျုံနှင့်သကြားတင်ပို့မှုများကို အခွန်တိုးမြှင့်ကောက်ခံခြင်း များအပါအဝင် ကန့်သတ်မှုများဆောင်ရွက်ခြင်း၊ ပဲမျိုးစုံဈေးနှုန်းများကို ထိန်းချုပ်နိုင်ရန်အတွက် သိုလှောင်မှုများအား ကန့်သတ်ခြင်း စသည့်နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ယခုသီးနှံသစ်များ ဈေးကွက်သို့ ဝင်ရောက်လာသည့်အချိန်တွင် ကုန်စည်ဈေးနှုန်းများ အနည်းငယ်ပြန်လည်ကျဆင်းလျက်ရှိမှုအခြေအနေအား သိရှိနိုင်ရေးတင်ပြလိုက်ရပါသည်။

**Source: Tur, Chana prices fall 4 % on rising imports, government actions, fall in demand, The Economic Times, 11 October, 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)-13102023-12:04

## တရုတ်နိုင်ငံတွင် ရေချိုမွေးမြူရေး ငါး၊ ပုစွန်များ အဝယ်လိုက်နေ

ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တင်သွင်းခွင့် တားမြစ်လိုက်ခြင်းကြောင့် တရုတ်နိုင်ငံ၏ ပင်လယ်စာစားသုံးသူများသည် ပြည်တွင်းမှ ထွက်ရှိသော ငါး၊ ပုစွန်များကို အခြားရွေးချယ်စရာအဖြစ် စားသုံးလာကြကြောင်း သိရှိရပါသည်။

ယခင်က ပင်လယ်နှင့်ဝေးသော တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ Xinjiang Uygur ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဆယ်လ်မွန်ငါး၊ ဩစတြေးလျပုစွန်နှင့် တောင်အမေရိက ပုစွန်များကဲ့သို့သော ပင်လယ်စာထွက်ကုန်များကို ကမ်းရိုးတန်း ဒေသများမှ သယ်ဆောင်ရလေ့ရှိကြောင်း သိရှိရပါသည်။

ယခုအခါ Tianshan တောင်များ၏ နှင်းများနှင့် ရေခဲမြစ်များ အရည်ပျော်ကာ ဒေသတွင်း၌ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် ဒေသခံပြည်သူများအတွက် ရှင်းကျန့်တွင် ပင်လယ်စာရရှိရန် လွယ်ကူစေသည့်အပြင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများအတွက် အထူးအခွင့်အရေးတစ်ရပ်အဖြစ် ဖန်တီးပေးခဲ့ကြောင်း သိရှိရပါသည်။ ဂျပန်နိုင်ငံ၏ Fukushima Daiichi နျူကလီးယား ဓာတ်အားပေးစက်ရုံမှ နျူကလီးယား ညစ်ညမ်းရေဆိုးများ ပစိဖိတ် သမုဒ္ဒရာထဲသို့စွန့်ပစ်ခဲ့သဖြင့် ပင်လယ်စာနှင့်ပတ်သက်သည့် စိုးရိမ်မှုများကြောင့် တရုတ်နိုင်ငံတွင် ရေချိုမှထွက်ရှိသည့် ရေထွက် ပစ္စည်းများ ပိုမိုရေပန်းစား လာမည်ဟု မျှော်လင့်ရကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့မှစတင်၍ ဂျပန်နိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ တင်သွင်းမှု အားလုံးကို ရပ်ဆိုင်းထားကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေ ထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ခဲ့ပါသည်။ ပင်လယ်စာများ တင်သွင်းမှုအပေါ် မှီခိုအားထားမှုလျှော့ချခြင်းသည် ရေချိုမွေးမြူရေးမှထုတ်လုပ်သည့် ငါး၊ ပုစွန်ဝယ်လိုအားကို မြင့်မားစေပြီး တရုတ်နိုင်ငံကုန်းတွင်းပိုင်းရှိ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ပိုမိုကြီးထွားလာစေရန် အထောက်အကူ ဖြစ်စေကြောင်း ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိသည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှင်းကျန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကူကာ(Kuqa) တွင် ရေလှောင်ကန်တစ်ခု၌ မွေးမြူထားသော ကဏန်းများကို မိုးရွာသွန်းမှုကြောင့် လဝက်ခန့်ကြိုတင်၍ ဈေးကွက်တွင်ရောင်းချခဲ့ကြောင်း၊ နှင်းထူထပ်သောတောင်များမှ ရေများ၊ စိမ်းလန်းစိုပြည်သော ရေနေအပင်များနှင့် ကြွယ်ဝသောရေမျောများကြောင့် ကဏန်း များကို ရှင်းကျန့်တွင် ကောင်းစွာမွေးမြူနိုင်ခဲ့ကြောင်း သိရှိရပါသည်။

Kuqa ၌ တောင်အမေရိကပုစွန်ကိုလည်း မွေးမြူထားပြီး Xinjiang Fenghe ရေထွက်ပစ္စည်း မွေးမြူရေး သမဝါယမအသင်းသည် ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် တောင်အမေရိကပုစွန်ကို စတင်မွေးမြူခဲ့ပြီး စတင် မွေးမြူချိန်မှ ဈေးကွက်တွင် စတင်ရောင်းချချိန်အထိ ပျမ်းမျှရက်ပေါင်း (၇၀)ကြာမြင့်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါသမဝါယမအသင်းသည် ပုစွန် မက်ထရစ်တန် (၈၀,၀၀၀)ခန့်မွေးမြူထားပြီး တန်ချိန်တစ်သိန်းခန့်ကို အောက်တိုဘာလတွင် ဈေးကွက်အတွင်း စတင်ရောင်းချသွားမည်ဖြစ်ကြောင်း၊ မွေးမြူထားသည့်ပုစွန်များကို နီးစပ်ရာ မြို့များသို့ ရောင်းချခဲ့သော်လည်း ဝယ်လိုအားကို ဖြည့်ဆည်းရန် လုံလောက်မှုမရှိကြောင်း သမဝါယမအသင်း၏ဒါရိုက်တာ Jiang Shengguo က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိတွင် သမဝါယမအသင်းသည် ပုစွန်မွေးမြူထားသော ဖန်လုံအိမ် (၄၅)လုံးရှိပြီး နှစ်စဉ် ပုစွန်ထွက်ရှိမှုတန်ချိန် (၄၀၀,၀၀၀)နီးပါးအထိ ရှိလာစေရန် နောက်ထပ် (၂၅)လုံးကို တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

သမဝါယမအသင်းသည် ပုစွန်မျိုးပွားမှုပုံစံသစ်များကို စဉ်ဆက်မပြတ်စူးစမ်းလေ့လာလျက်ရှိပြီး အဆင့်မြင့်နည်းပညာ များကို အသုံးပြုရန် စီစဉ်နေကြောင်း၊ ပုစွန်ကို စီးပွားဖြစ်မွေးမြူခြင်းဖြင့် သမဝါယမအသင်းသည် ဆင်းရဲနွမ်းပါးသော မိသားစုများ ဝင်ငွေတိုးတက်စေရန်နှင့် စီးပွားရေးတွင် ပါဝင်လာစေရေး တိုက်တွန်းအားပေးရန် ရည်ရွယ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေထွက်ကုန်ပစ္စည်း စားသုံးမှုအများဆုံးဈေးကွက်အဖြစ် ရပ်တည်နေပြီး ရေထွက်ကုန် စားသုံးမှုကို စဉ်ဆက်မပြတ်မြှင့်တင်ခြင်းနှင့် စားသုံးသူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းတို့နှင့်အတူ ရေထွက်ကုန် များရောင်းချရမှုသည် မကြာသေးမီနှစ်များအတွင်း နိုင်ငံတစ်ဝန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ချုံချင့်(Chongqing)တွင် မွေးမြူထားသော တောင်အမေရိကပုစွန်ဖြူကို Alibaba ၏ လတ်ဆတ်သောအစားအစာများရောင်းချသည့် Freshippo အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှုစကြံတွင် မကြာသေးမီက

ရောင်းချခဲ့ကြောင်း၊ ပင်လယ်ရေနှင့်ဆင်တူသည့် ဂေဟစနစ်ကိုဖန်တီးပြီး အကြီးစား ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

ယခင်က စီချွမ်(Sichuan)ပြည်နယ်နှင့် ချုံချင့်(Chongqing)ဈေးကွက်များတွင် ရောင်းချသော ပင်လယ်ပုစွန်များကို ကမ်းရိုးတန်းမြို့များဖြစ်သည့် Zhanjiang၊ Guangdong နှင့် Lianyungang၊ Jiangsu ပြည်နယ်တို့မှ အချိန်ကြာမြင့်စွာ သယ်ယူပို့ဆောင်ကြရသဖြင့် ကုန်ကျ စရိတ်ကြီးမြင့်ပြီး ပုစွန်များ၏ လတ်ဆတ်မှုသည်လည်း ကျဆင်းသွားသည်ဟု ချုံချင့်ရှိ Freshippo ၏ ဝယ်ယူရေးမန်နေဂျာ Li Duosi က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်တွင် ချုံချင့်၌ ဒေသခံရေထွက်ပစ္စည်းကုမ္ပဏီတစ်ခုကိုတည်ထောင်ခဲ့ပြီး အဆိုပါ Chongqing Dazu Zero Antibiotics Aquatic Products Co Ltd သည် ပင်လယ်ရေအတုတွင် သေးငယ်သောဇီဝသက်ရှိများကိုပေါင်းထည့်၍ ရေထဲမှ အမှုန်အမွှားများနှင့် ကျန်အမှုန်အမွှားများကို ထိရောက်စွာဖယ်ရှားပေးပြီး ဇီဝလည်ပတ်မှုစနစ်ကို ဖန်တီးပေးခြင်းဖြင့် ပုစွန်မွေးမြူခဲ့ခြင်းဖြစ်ကြောင်းနှင့် ချုံချင့်တွင် ပုစွန်မွေးမြူစရိတ်သည် ကမ်းရိုးတန်းဒေသများထက် ၃၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားကြောင်း သိရှိရပါသည်။

မွေးမြူရေးကန်သည် လာမည့်နှစ်တွင် (၁၅၀,၀၀၀)ကီလိုဂရမ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စီချွမ်နှင့်ချုံချင့်ရှိ Freshippo စတိုးဆိုင်ပေါင်း (၃၀)ကျော်အတွက် ပုစွန်အလုံအလောက်ရရှိရန် မျှော်လင့်ထားသည်ဟု ကုမ္ပဏီတည်ထောင်သူ Huan Guoxin က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပြည်တွင်း၌ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသော်လည်း ပြည်တွင်း ဝယ်လိုအားကို ပြည့်မီအောင် ထုတ်လုပ်နိုင်မှုမရှိခြင်း၊ ဂျပန်နိုင်ငံမှရေထွက်ကုန်များကို တင်သွင်းခွင့်ပိတ်ပင်ထားခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်များ တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့သွားနိုင်မည့် အခွင့်အလမ်းများရှိနေကြောင်း သုံးသပ်ရရှိပါသည်။

**Source:** www.chinadaily.com.cn/a/202310/10/WS6524a5a1a31090682a5e7a63.htmlw

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_121020230312

## STOCK EXCHANGE (13.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,228 (Shares) | 16,693,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 8,900 | 8,900 | 182 | 1,619,800 | 33,109,694 | 294,676 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 583 | 1,749,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,048 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 5,355 | 9,102,050 | 29,664,613 | 48,947 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 233 | 594,150 | 12,823,224 | 32,699 |
| EFR | 00006 | 2,200 | +0 | +0.00% | 2,150 | 2,200 | 2,100 | 758 | 1,614,700 | 19,977,223 | 43,950 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,800 | 4,900 | 4,800 | 12 | 58,600 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 1,105 | 1,955,500 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 13th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.63 | -1.99 | -0.53% | 377.46 | 377.46 | 375.73 | 8,228 | 16,693,800 | 8 | 710,395 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 8,228 (Shares) | 16,693,800 (MMK) |

## Main Board

As of 1:00 pm, 13th Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,228 (Shares) | 16,693,800 (MMK) |

| MYANPIX | 376.63 ▼ 1.99 |
|---|---|
| Total Volume (shares) | 8,228 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 710,395 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,650 | ▼ 50 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,200 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |
| MAEX | 00008 | 1,800 | ▲ 0 |